# Responsible Business Fund
# RBF, Myanmar

## Fourth Call for Proposals – Open from 1st July to 22nd July, 2019

မြန်မာနိုင်ငံမှ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ(SMEs) ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဒိန်းမတ်နိုင်ငံမှ မြန်မာကျပ်ငွေ (၁၈) ဘီလီယံတန်ဖိုးရှိ ယှဉ်ပြိုင်မှုအတွက် ထောက်ပံ့ငွေ(Challenge Fund) ပေးအပ်ခြင်းအစီအစဉ် ဖြစ်သည့် RBF Myanmar Program ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ထို Program မှာ မြန်မာနိုင်ငံတွင်ရှိသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ(SMEs)တွင် တာဂန်ယူမှု တာဝန်ခံမှုဆိုင်ရာ အလေ့အထ အပြုအမူများပိုမိုတိုးတက်လာစေရန် အတွက် ဆန်းသစ်တီထွင်မှုရှိသော စီမံကိန်းများကို ငွေကြေးတစ်စိတ်တစ်ပိုင်း ထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။ ထောက်ပံ့ပေးမည့် ကဏ္ဍများမှာ-

၁။ စွမ်းအင်အလေအလွင့် လျော့နည်းရေး၊
၂။ ရေအရင်းအမြစ် အသုံးချမှု၊
၃။ စွန့်ပစ်ပစ္စည်းနှင့်အညစ်အကြေးများ အသုံးချမှု၊
၄။ ကျန်းမာရေးနှင့်လုံခြုံရေး လုပ်ငန်းစဉ်များ၊
၅။ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေး၊
၆။ ကြီးကြပ်ခြင်းနှင့်ကွပ်ကဲခြင်း နည်းပညာများ နှင့်
၇။ လက်တွေ့နှင့်ပညာရပ်ဆိုင်ရာ နည်းပညာများ တို့ ဖြစ်ပါသည်။

ထို့ကြောင့် သင်၏လုပ်ငန်းသည် အထက်ဖော်ပြပါနယ်ပယ်များတွင် တာဂန်ယူမှု တာဝန်ခံမှု၊ ယှဉ်ပြိုင်ဆိုင်လိုစိတ်ရှိသောလုပ်ငန်းတစ်ခု ဖြစ်ပေါ်လာစေရန်အတွက် လုပ်ကိုင်ရန်ငွေကြေး အခက်အခဲများနှင့် ကြုံတွေ့နေရခြင်း၊ နည်းပညာဆိုင်ရာ အခက်အခဲများရှိနေသည်ဆိုပါက RBF အနေမှ ငွေကြေးထောက်ပံ့မှုအနေဖြင့် ( စီမံကိန်း၏ကုန်ကျငွေ ၅ဝ% - မြန်မာကျပ်ငွေ သန်း ၅ဝ အထိကို နယ်ပယ် ၁၊ ၂ နှင့် ၃ တွင်လည်းကောင်း၊ မြန်မာကျပ်ငွေ သန်း ၄ဝ ကို နယ်ပယ် ၄၊ ၅၊ ၆၊ ၇ တွင်လည်းကောင်း ) စီးပွားရေးလုပ်ငန်းတွင် အသုံးချနိုင်ရန် ထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။

RBF Myanmar သည် တာဝန်ယူမှု တာဝန်ခံမှုရှိသည့် လုပ်ငန်းအလေ့အထများကို စတင်ပြောင်းလဲကျင့်သုံးသည့် စီးပွားရေးလုပ်ငန်းများတွင် ကြုံတွေ့ရလေ့ရှိသော စွန့်စားရင်းနှီးမြှုပ်နှံသည့် ငွေကြေးနှင့် နည်းပညာအခက်အခဲများကို တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးသွားခြင်း ဖြစ်ပါသည်။RBF Myanmar သည် အထက်ပါနယ်ပယ်များတွင် အခြားစီးပွားရေးလုပ်ငန်းများ အားကျအတုယူဖွယ်ကောင်းသော စီမံကိန်းများ မြန်မာနိုင်ငံတဝှမ်းတွင် ပေါ်ထွက်လာစေရန် ရည်ရွယ်ပါသည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော ကဏ္ဍအသီးသီးသို့ တာဝန်ယူမှု တာဝန်ခံမှုရှိသော လုပ်ငန်းအလေ့အထများ ပျံ့နှံ့သွားစေရန်ရည်ရွယ်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေးအပ်လာနိုင်ခြင်း၊ တနိုင်တပိုင် စီးပွားရေးလုပ်ငန်းများမှသည် ကောင်းမွန်တိုးတက်သော လုပ်ငန်းများအဖြစ်သို့ ရောက်ရှိစေနိုင်ခြင်း ထပ်လောင်းအကျိုးကျေးဇူးများရရှိရန် ရည်ရွယ်ပါသည်။ လျှောက်ထားလိုသော စီမံကိန်းသည် အောက်ပါအချက် (၈) ချက်နှင့် ကိုက်ညီရန်လိုအပ်ပါသည်။

- ➢ အဆိုပြုထားသော စီမံကိန်းသည် အထက်ဖော်ပြပါ ကဏ္ဍ(၇) အနက်မှ အနည်းဆုံးကဏ္ဍ (၁)ခုတွင် အကျုံးဝင်ရမည်ဖြစ်ပြီး တာဝန်ယူမှု တာဝန်ခံမှု ရှိသော လုပ်ငန်းအလေ့အထကောင်းများကို စံနမူနာအဖြစ် ပြသနိုင်သည့် စီမံကိန်း ဖြစ်ရမည်။
- ➢ အဆိုပြုထားသော စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး ပြင်ပတွင် ဖြစ်ရမည်။ သို့သော် စွန့်ပစ်ပစ္စည်းနှင့် အညစ်အကြေးများ အသုံးချမှု ကဏ္ဍ(၃) အောက်တွင် လျှောက်ထားပါက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြစ်စေကာမူ ထည့်သွင်းစဉ်းစားပေးမည် ဖြစ်သည်။
- ➢ လျှောက်ထားသော လုပ်ငန်းအနေဖြင့် အဆိုပြုထားသော စီမံကိန်းအား ကောင်းစွာ ပြင်ဆင်ထားပြီး ဖြစ်ရမည်။ ဇွန်လ ၂၀၂၀ မတိုင်မီ စီမံကိန်း ပြီးစီးရန်အတွက် လိုအပ်သည့် နည်းပညာအား သတ်မှတ်ထားခြင်း၊ စက်ပစ္စည်း (သို့) နည်းပညာ ရောင်းချမည့်သူအား ရွေးချယ်ထားရှိခြင်း၊ လုပ်ငန်းဘက်မှ စိုက်ထုတ်ရမည့် ငွေကြေးအရင်းအနှီးအား အဆင်သင့်ထားရှိခြင်း စသည်တို့ကို ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်နေရမည်။
- ➢ ကဏ္ဍ ၆ နှင့် ၇ မှလွဲ၍ အဆိုပြုထားသော စီမံကိန်းသည် ဒေသတွင်း (သို့မဟုတ်) ခရိုင်တွင်းရှိ လုပ်ငန်းတူများမှ လုပ်ကိုင်ခြင်းမရှိသေးသည့် စီမံကိန်းဖြစ်ရပါမည်။ အကယ်၍ အခြားလုပ်ငန်းတူများမှ လုပ်ကိုင်ထားပြီးသောအလားတူစီမံကိန်းကို ထပ်မံလျှောက်ထားပါက RBF ဘုတ်အဖွဲ့အနေဖြင့် ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။
- ➢ သင်၏ ကုမ္ပဏီ (သို့မဟုတ်) စီးပွားရေးလုပ်ငန်းသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားရမည်ဖြစ်ပြီး အမြဲတမ်းဝန်ထမ်းဦးရေ ၆၀၀ အောက် (သို့မဟုတ်) မတည်ရင်းနှီးငွေ သိန်း (၁၀,၀၀၀) ကျပ် အောက် ရှိသောလုပ်ငန်းဖြစ်ရပါမည်။
- ➢ သင်၏ ကုမ္ပဏီ (သို့မဟုတ်) လုပ်ငန်းသည် အနည်းဆုံး(၂)နှစ်လုပ်ငန်း လုပ်ဆောင်ထားသောကုမ္ပဏီ ဖြစ်ရမည် ဖြစ်ပြီး ပြီးခဲ့သည့်နှစ်၏ ငွေစာရင်းများကို ပြသနိုင်ရမည် ဖြစ်ပါသည်။
- ➢ သင်၏ ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းသည် အရက်၊ လောင်းကစား၊ ဆေးလိပ်၊ လက်နက်နှင့် နိုင်ငံတကာ တားမြစ်ထားသော နယ်ပယ် များတွင်လုပ်ကိုင်နေသော လုပ်ငန်းမဖြစ်ရပါ။
- ➢ ကဏ္ဍ (၆) နှင့် (၇) တွင်လျှောက်ထားလိုသော လုပ်ငန်းသည် အနည်းဆုံးဝန်ထမ်း (၂၀) ရှိရမည်ဖြစ်ပြီး ရှင်းလင်းသော စီမံခန့်ခွဲမှုပုံစံ နှင့် ရေရှည်လုပ်ငန်းစီမံခန့်ခွဲမှုပုံစံများ ရှိထားရမည်ဖြစ်ပါသည်။ လျှောက်ထားလိုသည့် သင်တန်းသည် (၆)လတွင်း သင်တန်းရက်(၂၀)ထက်မပိုသော သင်တန်း ဖြစ်ရမည်။

အကယ်၍ သင်၏စီမံကိန်း အိုင်ဒီယာသည် အထက်ဖော်ပြပါအချက်အလက်များနှင့်ကိုက်ညီပါက ပထမအချက်အနေဖြင့် အောက်ပါ Concept Note တွင်လိုအပ်သောအချက်အလက်များကို ဖြည့်သွင်းရပါမည်။ (စာမျက်နှာ အနည်းဆုံးနှစ်ရွက်၊ အများဆုံးလေးရွက် ဖြစ်ရပါမည်) ။ ငွေကြေးအထောက်အပံ့ပေးရန် အတွက် စီမံကိန်းရွေးချယ်မှုကို အောက်ပါလိုအပ်ချက် ၄ ချက်ပေါ်အခြေခံ၍ အကဲဖြတ်အမှတ်ပေး ဆုံးဖြတ်သွားမည် ဖြစ်ပါသည်။

| **စဉ်** | **လိုအပ်သော အချက်အလက်များ** | **အမှတ်ပေးစည်းမျဉ်း<br>ပို၍အားသာသောအချက် :** | **အမှတ်** |
|---|---|---|---|
| ၁။ | ပြုလုပ်ရန်ရည်ရွယ်ထားသောနေရာ<br>မြန်မာ/ဒေသ/ပြည်နယ်/ခရိုင်/မြို့နယ် | နိုင်ငံတော်အဆင့်ရှိသော လက်တွေ့<br>လုပ်ကိုင်မည့်စီမံကိန်း၏တန်ဖိုး | ၄၅% |
| ၂။ | အရင်းကျေရန်တွက်ချက်ထားသောအချိန်အရ<br>စီးပွားရေးခိုင်မာမှု | ကြီးမားသောစွန့်စားမှုများ၊အရင်းကျေရန်<br>အချိန်ပိုမိုကြာသော စီမံကိန်းများ | ၃၀% |
| ၃။ | ဝန်ဆောင်မှုထောက်ပံ့သူများ/လိုအပ်သော<br>အသုံးအဆောင်ပစ္စည်း ထောက်ပံ့ပေးသူ<br>တို့၏မှတ်တမ်းများ | အဆိုပြုထားသောနည်းပညာ/လုပ်ငန်းများ<br>ပြုလုပ်ရာတွင် အသုံးပြုထားသော<br>ဝန်ဆောင်မှုထောက်ပံ့သူများ/လိုအပ်သော<br>အသုံးအဆောင်ပစ္စည်း ထောက်ပံ့ပေးသူ<br>တို့၏ သက်သေခံမှတ်တမ်းများ | ၁၅% |

| | | | |
|---|---|---|---|
| ၄။ | ဂုဏ်ထမ်းများ၊ဒေသခံနှင့်ပတ်ဝန်းကျင်တို့အတွက် ငွေကြေးမဟုတ်သော/ရေတွက်၍ရသော အကျိုးအမြတ်များ | SME လုပ်ငန်း၏ ကုန်ကျစရိတ်/ အကျိုးအမြတ်တို့ကိုကျော်လွန်၍ အကျိုးအမြတ်ပိုမိုရရှိရန် အလားအလာကောင်းသော စီမံကိန်းများ | ၁၀% |
| | စုစုပေါင်း | | ၁၀၀% |

ဝင်ရောက်ပါဝင်သူများ၏ Concept Notes များကို အကဲဖြတ်ခြင်း နှင့် ရှေ့ဆက်သွားမည့် အစီအစဉ်များကို အောက်တွင် ဖော်ပြထားပါသည်။

| နေ့စွဲ | လုပ်ဆောင်မည့်အကြောင်းအရာ |
|---|---|
| ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ၂၁ရက်နေ့ထိ | RBF ဖွင့်လှစ်ခြင်းနှင့် ပထမအဆင့်အဆိုပြုလွှာများ (Concept Notes) ခေါ်ယူခြင်း။ |
| ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့ (နေ့လည် ၁၂ အထိ) | Concept Notes များတင်သွင်းရန်နောက်ဆုံးရက်။ |
| ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့ မှ ဩဂုတ်လ ၈ ရက်နေ့ အထိ | RBF အုပ်ချုပ်ရေးရုံးမှ Concept Notes များအား စီစစ် အကဲဖြတ်နေခြင်း။ |
| ၂၀၁၉ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့ | RBF အုပ်ချုပ်ရေးရုံးမှ ရွေးချယ်ခံရသော Concept Notes များအားကြေငြာခြင်း။ |
| ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့ (နေ့လည် ၁၂ အထိ) | ဒုတိယအဆိုပြုလွှာအပြည့်အစုံ (Full Proposal) တင်သွင်းရန် နောက်ဆုံးရက်။ |
| ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့ | RBF အုပ်ချုပ်ရေးရုံးမှ SME တစ်ခုချင်းစီအား အကဲဖြတ်ထားသည့်လျှောက်လွှာများကို RBFဘုတ်အဖွဲ့ထံသို့ တင်ပြခြင်း။ |
| ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့ မှ နိုဝင်ဘာ ၈ ရက်နေ့ | RBF ဘုတ်အဖွဲ့မှ ငွေကြေးအထောက်အပံ့ရရှိသော SME လုပ်ငန်းများကို စီစစ်ရွေးချယ်ခြင်း။ |
| ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့ နောက်ပိုင်း | RBF မှ စီစစ်ရွေးချယ်ခြင်းခံရသော လုပ်ငန်းများကို ကြေငြာခြင်း နှင့် ငွေကြေးအထောက်အပံ့ဆိုင်ရာ သဘောတူညီချက်စာချုပ် မူကြမ်းကို ပေးပို့ခြင်း။ |
| ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက်နေ့မှ ဒီဇင်ဘာ ၃၀ ရက်နေ့ အထိ | RBF နှင့် ရွေးချယ်ခြင်းခံရသော SME အကြားငွေကြေးအထောက်အပံ့ဆိုင်ရာ သဘောတူညီချက်စာချုပ် လက်မှတ်ရေးထိုးခြင်း။ |
| ၂၀၂၀ ခုနှစ် ဖွန်လ ၃၀ ရက်နေ့ | RBF မှ စက်ပစ္စည်းရောင်းချသူ၊ သင်တန်းပေးသူ (သို့မဟုတ်) SME အား နောက်ဆုံးငွေပေးချေမည့်ရက်။ |

အဆိုပြုလွှာများ (Concept Notes) ကို applications@rbfmyanmar.com သို့ ၂၀၁၉ ခုနှစ် ဇူလိုင်လ (၂၂) ရက်နေ့ နေ့လည် (၁၂) နာရီ နောက်ဆုံးထား တင်သွင်းရမည် ဖြစ်ပါသည်။

အသေးစိတ်စုံစမ်းမေးမြန်းလိုပါက info@rbfmyanmar.com သို့ email ပို့၍လည်းကောင်း 0943128563 ၊ 09402642579 ၊ 09779763382 နှင့် 09252395253 ဖုန်းနံပါတ်များသို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တာဝန်ယူမှု တာဝန်ခံမှု ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် လုပ်ငန်း အလေ့အထကောင်းများကို အခြေပြု၍ မိမိလုပ်ငန်းယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် စိတ်ပါဝင်စားသည့် အတွက် ကျေးဇူးအထူးတင်ရှိပါသည်။